# August Justice Newsletter

## တ ရား မျှ တ မှု စာ စောင်

**Thematic Analysis**
အကြောင်းအရာအလိုက် သုံးသပ်ခြင်း

**Situation Overview**
အခြေအနေအကျဉ်းချုပ်

**Member Update**
အဖွဲ့ဝင်အဖွဲ့စည်းများ၏
နောက်ဆုံးရသတင်း

**Thematic Analysis**

**အကြောင်းအရာအလိုက် သုံးသပ်ခြင်း**

# မြန်မာနိုင်ငံ လူထုဆန္ဒပြမှု၏ စွမ်းအား

မြန်မာပြည်သူများသည် နိုင်ငံသားတို့၏ အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို ဥပဒေအရ ပို၍ကာကွယ်ပေးရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စုရုံး၍ ရာစုနှစ်ပေါင်းများစွာ တောင်းဆိုခဲ့ကြသည်။ မိမိတို့အတွက်သာမက နောင်လာနောင်သားများအတွက် ပိုမိုကောင်းမွန်သော အနာဂတ် ရရှိရန် တောင်းဆိုသော ပြည်သူတို့သည် သည်းခံနိုင်စွမ်းမရှိတော့ဘဲ နာကြည်းပေါက်ကွဲ လာသောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေးပါသော လူထုလှုပ်ရှားမှုကြီး ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြခြင်းသည် ပြည်သူထံမှ အာဏာလုကာ စစ်အာဏာသိမ်းမှုကို တရားဝင်ဖြစ်ရန် နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းနေသော စစ်အုပ်စုအား လက်မခံသော လူထုအရေးတော်ပုံ၏ နောက်ထပ်သာဓက တစ်ခုဖြစ်သည်။ အာဏာသိမ်းစစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်ဆန္ဒပြသူများကို ရက်ရက်စက်စက် အကြမ်းဖက်ဖြိုခွဲ တုန့်ပြန်ရန် လက်မရွံ့ခဲ့ပေ။

၂၀၂၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ၁၉၈၈ လူထုအရေးတော်ပုံ အောက်မေ့ဖွယ် အခမ်းအနားကိုကျင်းပခဲ့သည်။ စစ်အာဏာရှင် နေဝင်း၏ ဆိုးရွား ညံ့ဖျင်းလှသော စီးပွားရေးစီမံခန့်ခွဲမှု မူဝါဒအား ကျောင်းသားများ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်မှာ ၃၄ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ရက်ရက်စက်စက် အကြမ်းဖက်နှိမ်နင်းမှုအတွင်း လူပေါင်း ၃၀၀၀ ကျော် သေဆုံးခဲ့ရသည်။

တစ်ဖန် ၁၉၉၆ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ကျောင်းသားများအပေါ် စစ်အစိုးရ၏ ဖိနှိပ်မှုများကို သတိပြုလာစေရန်နှင့် ဒီမိုကရေစီအရေးအတွက် ချီတက်ဆန္ဒပြကြသော ကျောင်းသားများ ထပ်မံဖမ်းဆီးခံခဲ့ရသည်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများတွင် ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများနှင့်အတူ သံဃာများလည်း ပါဝင်ခဲ့သည်။ ငြိမ်းချမ်းစွာဆန္ဒပြမှုကြောင့် လူ ဒါဇင်ပေါင်းများစွာ သေဆုံး ဒဏ်ရာရခဲ့ပြန်သည်။



## Thematic Analysis

### အကြောင်း အရာအလိုက် သုံးသပ်ခြင်း

# မြန်မာနိုင်ငံ လူထုဆန္ဒပြမှု၏ စွမ်းအား

“ခေတ်အဆက်ဆက် ဖိနှိပ်မှုအမျိုးမျိုး ခံစားခဲ့ရပြီး နှစ် ၇၀ ကျော်ကြာသည့်တိုင် သဘာဝသယံဇာတပေါ ကြွယ်ဝသည့် တိုင်းပြည်သည် တိုးတက်သင့်သလောက် တိုးတက်လာမှုမရှိ သောကြောင့် ဆန္ဒပြကြရခြင်း ဖြစ်သည်” ဟု လွေးနော့တအင် တအာင်းအမျိုးသမီးအဖွဲ့ (TWO)မှ ပြောကြားခဲ့သည်။

မြန်မာပြည်သူပြည်သားများသည် ယခင်စစ်အစိုးရ ခေတ်အဆက်ဆက်က အုပ်ချုပ်လာခဲ့သည့် အာဏာရှင်စနစ်ကို မလိုအပ်တော့ပဲ ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ပိုမို ကြိုက်နှစ်သက်လာခဲ့သည်ဟု လည်း သူမမှ ထပ်မံ ရည်ညွှန်းခဲ့သည်။ ယနေ့ဆန္ဒပြပွဲများသည် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်း ရန် နှင့် ဒီမိုကရေစီလမ်းကြောင်းဆီသို့ ပြန်သွားရန်အတွက် ရည်ရွယ်၍ လူထုအင်အားဖြင့် တညီတညွတ် ထဲအားလုံးပါဝင်ကာ တောင်းဆို ဆန္ဒပြကြခြင်း ဖြစ်သည်။

အာဏာရမက် ငမ်းငမ်းတက်မှုကြောင့် အရပ်သားတို့၏အခွင့်အရေးကို စစ်ဗိုလ်ချုပ်ကြီးများမှ အကြိမ်ကြိမ် လျစ်လျူရှုထားခဲ့ကြသည်။ နှစ်အတော်ကြာပြီးနောက် အရပ်သားတစ်ပိုင်း ဒီမိုကရေစီအစိုးတက်လာသော အချိန်တွင် ပြည်သူများအတွက် မျှော်လင့်ချက်ရောင်ခြည် သန်းလာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ အချုပ် (NLD)လက်ထက်တွင် စိန်ခေါ်မှုအခက်အခဲများစွာ ရှိနေဆဲဖြစ်သော်လည်း မျှော်လင့်ချက်ရှိနေဆဲ ဖြစ်သည်။

စစ်အာဏာသိမ်းမှုကြောင့် မြန်မာနိုင်ငံအနှံ့ တိုင်းရင်းသားများ ကြုံတွေ့နေရသည် ဖိနှိပ်ခံခဲ့ရမှုများ ကို သိသာလာစေပြီး နွေဦးတော်လှန်ရေးကြောင့် ဗမာတိုင်းရင်းသားအများစုမှ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများအား မြန်မာစစ်တပ်မှ နှစ်ပေါင်းများစွာ ဖိနှိပ်မှု၊ လူ့အခွင့်အရေး ချိုးဖောက် ကျူးလွန်မှုများနှင့် မတရားအုပ်ချုပ်စိုးမိုးထားခဲ့သည်ကို လက်ခံလာကြသည်ဟု ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) ၏ အထွေအထွေအတွင်းရေးမှူး ကိုတိန်ဦးမှ ပြော ကြားခဲ့သည်။



## Thematic Analysis

### အကြောင်း အရာအလိုက် သုံးသပ်ခြင်း

## မြန်မာနိုင်ငံ လူထုဆန္ဒပြမှု၏ စွမ်းအား

ဒီမိုကရေစီအရေးအတွက် ပြုလုပ်သော ဆန္ဒပြပွဲများမှ တွေ့ရှိရသော စည်းလုံးမှုသည် စစ်မှန်သည့် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု စနစ်ကို မြင်ရရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သော စစ်အာဏာရှင်များအား အပြစ်ပေးအရေးယူမှုများကို မြင်ရရန်အတွက် မြေပြင်ပေါ်တွင် ကြိုးပမ်းနေကြသောသူများ၏ ခွန်အားနှင့် အခက်အခဲ ဒုက္ခများကို အမှတ်ရစေသည်။

သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက် ဆိုးမွေသာပေးပြီး ကောင်းမွေတစ်စက်မျှမရှိသည့် တစ်ဗိုလ်ကောင်း စစ်အာဏာရှင်အလေ့ကို ပြန်လည် ကျင့်သုံးရန်ကြိုးပမ်းခြင်း တို့ကြောင့် စစ်အာဏာသိမ်းမှုကို ပြည်သူများမှ ခါးသီးစွာ လက်မခံနိုင်ခြင်းဖြစ်သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)၏ ဒါရိုက်တာ နိုင်အဲမွန်မှ ပြောခဲ့သည်။

စစ်အစိုးရအဆက်ဆက် ဗိုလ်ကျအုပ်ချုပ်မှုကို ပြည်သူတရပ်လုံးမှ စစ်ပျက်စိတ်ကုန်နေပြီး စစ်ဗိုလ်ချုပ်ကြီးတို့မှ ချိုးဖောက်မှုများ၏ အကျိုးဆက်ကို တာဝန်ယူရန် မြင်တွေ့လိုခြင်းသည် ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ဖြစ်သည်ဟု ၎င်းမှ ထပ်မံပြောကြားခဲ့သည်။

မြန်မာနိုင်ငံအား အရေးယူဆောင်ရွက်ရန် အချိန်ဖြစ်သည်။ ၎င်းတို့၏ မူဝါဒနှင့်ဆန့်ကျင်သူ၊ ရန်သူဟု မှတ်ထင်သူ မှန်သမျှကို အလိုရမက်ကြီးကာ အကျင့်ပျက်ခြစား လက်နက်ဖြင့် ခြိမ်းခြောက်သတ်ဖြတ်၍ အကြမ်းဖက်နေသော စစ်သားတို့၏ လက်ထဲတွင် အပြစ်မဲ့ပြည်သူများ ခံနေရသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ကြားဝင်စွက်ဖက်ရန်နှင့် အကာအကွယ်ပေးရေးမှုများကို လိုက်နာရန် အခွင့်အလမ်းများစွာရှိသော်လည်း ပျက်ကွက်ခဲ့သော

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အတိတ်မှ လူထုဆန္ဒပြပွဲများကို သင်ခန်းစာယူ၍ အခွင့်အရေးများကို လက်လွတ်မခံသင့်ပေ။

ခုခံတော်လှန်ရေးသမားများနှင့် ဆန္ဒပြပြည်သူများကို ငွေကြေးပံ့ပိုးပေးရမည်ဖြစ်ပြီး စစ်တပ် ထုတ်ကုန်အားလုံးကို သပိတ်မှောက်ရမည်ဖြစ်သည်။ မြန်မာစစ်တပ်အား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန် အရပ်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုမှုအများအပြားကိုလည်း အသိအမှတ်ပြု လိုက်နာရမည်ဖြစ်သည်။



## Situation Overview

### အခြေအနေအကျဉ်းချုပ်

# မြန်မာနိုင်ငံတစ်ဝှမ်း လူတစ်သန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ အရေးပေါ် လိုအပ်နေသည်။

### ချင်းပြည်နယ်

အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Noeleen Heyzer မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ်တွင် အာဏာသိမ်းစစ်တပ်မှ အသက်မပြည့်သေးသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေသည်။ Lai Nun Puii အသက် ၁၇ နှစ် နှင့် သူမ၏ မောင်လေးဖြစ်သူ Lal Ruat Mawia ၁၅ နှစ်တို့အား စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ဟိုင်မွာလ်ရွာရှိ ရွာဘေး ချောင်းသွားသည့်လမ်းတွင် သတ်ဖြတ်မြေမြှုပ်ခဲ့သည့်အလောင်းကို တွေ့ရှိခဲ့သည်။ ချင်းလူ့အခွင့်အရေးအဖွဲ့တို့မှ အဆိုပါသတ်ဖြတ်မှုကို ရှုတ်ချခဲ့ကြသည်။

ဩဂုတ် ၁၀ရက် နံနက်ပိုင်းတွင် နီယာလောန်ကျေးရွာအတွင်း အကြမ်းဖက်စစ်တပ် ပစ်ခတ်သော လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ချင်း အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားလူငယ်တစ်ဦး၏ လက်မောင်းတွင် ဒဏ်ရာရရှိခဲ့သည်။

### ကချင်ပြည်နယ်

ဩဂုတ်လအစပိုင်း ကချင်ပြည်နယ်မြောက်ပိုင်းတွင် ကချင်လက်နက်ကိုင်တပ်နှင့် အာဏာသိမ်းစစ်ကောင်စီကြား တိုက်ပွဲပြင်းထန်ပြီးနောက် စစ်တပ်ဘက်မှ လေကြောင်းတိုက်ခိုက်မှုအပြင် ရမ်းသမ်းပစ်ခတ်မှုကြောင့် အရပ်သားအနည်းဆုံး ၁၅ ဦးသေဆုံးခဲ့ပြီး နေအိမ် ရာနှင့်ချီ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ သေဆုံးသူများထဲတွင် ကလေးငယ်နှစ်ဦးပါဝင်ခဲ့ပြီး အမျိုးသမီးတစ်ဦးမှာ ခြေထောက်ဖြတ်ခဲ့ရသည်။ ဆိုင်ကယ်နှင့်ထွက်ပြေးခဲ့သော မိသားစု ၃ ဦးသည်လည်း ပစ်သတ်ခံခဲ့ရသည်။

UNHCR ၏ စာရင်းများအရ ၂၀၂၂ ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းမှ စတင်၍ ကချင်ပြည်နယ်တွင် လူပေါင်း ၈၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

# Situation Overview

## အခြေအနေအကျဉ်းချုပ်

### ကရင်ပြည်နယ်

ND-Burma၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM ၏ သတင်းများအရ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၃ ရွာကို ဩဂုတ်လ ၁၅ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ အသက် ၂ နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက် ၇၇ နှစ်အရွယ် သက်ကြီး အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဘားအံမြို့နယ်ထဲတွင် အနည်းဆုံး လူငယ် ၇ ဦး အား အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း HURFOM မှ သတင်းထုတ်ပြန်ခဲ့သည်။ ဖမ်းဆီးခံရသူများကို မတရားချုပ်နှောင်ထားပြီး ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။ အရပ်သား ဒေသများတွင် လေယာဉ်ပျံသန်းမှု အကြိမ်ရေများလာခဲ့သည်။ ကရင်အမျိုးသမီးအဖွဲ့၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ မူတြော်ခရိုင်ရှိ ကျောင်းသားများသည် လေယာဉ်ပျံသန်းမှုကြောင့် ဗုံးခိုကျင်းများထဲတွင် ပုံးခိုနေကြရသည်။

### ကယား(ကရင်နီ)ပြည်နယ်

အကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ဒေသခံတို့သည်  ဆက်လက်ထွက်ပြေး တိမ်းရှောင်နေကြရပြီး ၎င်းတို့၏ အသက်အန္တရာယ်မှာ ခြိမ်းခြောက်ခံနေရသည်။ ဒီးမော့ဆိုမြို့နယ်အတွင်း ကျေးရွာတစ်ရွာအား အကြမ်းဖက်စစ်တပ်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် အသက် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးသေဆုံးခဲ့သည့်အပြင် နောက်ထပ် စစ်ဘေးရှောင် ၄ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

အဆိုပါတိုက်ခိုက်မှုအပြီး ရက်ပိုင်းအတွင်း လွိုင်ကော်မြို့အနယ်အတွင်းရှိ ကျေးရွာအား လေကြောင်းဖြင့် ဗုံးကျဲတိုက်ခိုက်မှုကြောင့် ဆေးပေးခန်းနှင့် နေအိမ်တစ်လုံး ပျက်ဆီးခဲ့သည်။ ဗုံးကျဲတိုက်ခိုက်မှုကြောင့် ဒေသခံ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်းများ အကန့်အသတ်ရှိနေပြီး ပုံမှန်အားဖြင့် ဘေးကင်းသော နေရာများဖြစ်သည့် ဘုရားကျောင်းများနှင့် ဆေးခန်းများကို လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းကြောင့် ကရင်နီပြည်နယ်ရှိ ဒေသခံများ၏ ရင်ဆိုင်နေရသော ရုန်းကန်မှုများမှာ ပို၍ဆိုးရွားလာနေသည်။

# Situation Overview

## အခြေအနေအကျဉ်းချုပ်

### မွန်ပြည်နယ်

ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)၏ အစီရင်ခံစာအရ လူငယ်များကို ပစ်မှတ်ထား တိုက်ခိုက်မှုများ တိုးလာနေသည်။ အထူးသဖြင့် အမျိုးသားများကို ပစ်မှတ်ထားပြီး သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် မတရားဖမ်းဆီးမှုများ တိုးလာခဲ့သည်။ ဩဂုတ်လ ၆ ရက်နေ့တွင် ရေးမြို့နယ် အောင်မြောင်ကျေးရွာအတွင်း  လူငယ် ၂ ဦးသည် မတရားဖမ်းဆီးခံရပြီး ပျောက်ဆုံးနေဆဲဖြစ်သည်။ မိသားစုဝင်များမှ ပျောက်ဆုံးနေသော လူငယ် ၂ ဦးနှင့် ပတ်သက်ပြီး သတင်းတောင်းဆိုထားသော်လည်း မည်သည့်နေရာတွင် ဖမ်းဆီးချုပ်နှောင်ထားကြောင်း မသိရှိရသေးပေ။

ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ တပ်သားများ ပုန်းရှောင်ခိုလှုံရန် အသုံးပြုနေသည်ဟု သံသယရှိသည့် လယ်သမား ၅၀ ခန့်၏ လယ်တဲများကို ဖျက်ဆီးပစ်ရန် အာဏာရှင်စစ်တပ်မှအမိန့်ပေးခဲ့ကြောင်းကိုလည်း HURFOM မှ သတင်းထုတ်ပြန်ခဲ့သည်။

### ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင်  စစ်တပ်မှ ဖမ်းဆီးမှုများကို အရှိန်မြှင့်လုပ်ဆောင်နေသည်။ တောင်ကြီးခရိုင် အေးသာယာမြို့မှ လူငယ် (၅) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ကို ငွေကြေးထောက်ပံ့မှု ပြုလုပ်နေသည်ဟု စွပ်စွဲကာဖမ်းဆီးခေါ်ဆောင် သွားခဲ့ပြီး တောင်ကြီးမြို့ရှိ ရဲစခန်းတွင် ထိန်းသိမ်းထားသည်။ အဆိုပါဒေသရှိ စစ်သားများသည် တော်လှန်ရေးတပ်ဖွဲ့များကို ထောက်ပံ့နေသည်ဟူသော သံသယဖြင့် ဒေသခံများကို ပစ်မှတ်ထားနေကြောင်း သိရှိရသည်။

## Situation Overview

## အခြေအနေအကျဉ်းချုပ်

### ရခိုင်ပြည်နယ်

မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော် (AA) တို့သည် လတ်တလောကာလများအတွင်း တိုက်ပွဲများ ပြင်းထန်စွာ ပြန်လည်ဖြစ်ပွားနေသည်။ သြဂုတ်လ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်အနောက်ဘက် မောင်တောမြို့နယ် မြောက်ဘက်ပိုင်းတွင် တိုက်ပွဲများပြင်းထန်ခဲ့သည်။ တိုက်ပွဲများ မကြာခဏဖြစ်ပွားမှုကို တုံ့ပြန်ရန်  ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ပြည်သူ့စစ်များဖွဲ့စည်းမည်ဟု အကြမ်းဖက်စစ်တပ်မှ ထုတ်ပြန်ကြေငြာခဲ့သည်။ စစ်တပ်၏ ခုခံကာကွယ်ရေး စီမံချက်သည် ၎င်းတို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ပို၍လုံခြုံအောင် လုပ်ဆောင်ရန်ဖြစ်သည်။

### တနင်္သာရီတိုင်းဒေသကြီး

အထူးသဖြင့်  ထားဝယ်သည် မြန်မာစစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို အပြင်းအထန် ခံခဲ့ရသည်။ အရပ်သားများကို နေအိမ်မှမတရားဖမ်းဆီးခေါ်ဆောင်ခြင်း အပါအဝင် မတရားဖမ်းဆီးမှုများ တိုးလာခဲ့သည်။ အရပ်သား ၅ ဦးကို နေအိမ်မှ မတရားဖမ်းဆီးခေါ်ဆောင်ကာ သတ်ဖြတ်ခဲ့ကြောင်း  မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)မှ သြဂုတ်လ ၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။  စစ်တပ်သည်  ၎င်းတို့ကျူးလွန်ခဲ့သော ရာဇဝတ်မှုတို့၏ သက်သေကို ဖျောက်ဖျက်ရန် အလောင်းများကို မြှုပ်နှံထားခဲ့သည်။ မျက်မြင်သက်သေတို့မှ  အော်ဟစ်သံများနှင့် သေနတ်သံများကို ကြားခဲ့ရသည်ဟု ဆိုသည်။

ထို့ပြင် ဝက်ရူးပြန်ရောဂါခံစားနေရသော ကလေးငယ်တစ်ဦးသည် ဆေးဝါးကုသမှုမရသောကြောင့် သေဆုံးခဲ့ရကြောင်းကိုလည်း HURFOM မှ သတင်းထုတ်ပြန်ခဲ့သည်။ တိုက်ပွဲများကြောင့် ထွက်ပြေးခဲ့ရသည့် အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦးလည်း အပြင်းဖျားနေချိန် ဆေးဝ◌ါ◌းကုသမှုမရရှိဘဲ သေဆုံးခဲ့ရသည်။

# Member Updates

## အဖွဲ့ဝင်အဖွဲ့စည်းများ၏ နောက်ဆုံးရသတင်း

### ကချင်အမျိုးသမီးအစည်းအရုံး -ထိုင်းနိုင်ငံ(KWAT)

ရိုဟင်ဂျာပဋိပက္ခ ၅ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ဩဂုတ်လ ၂၄ ရက်နေ့တွင် US Campaign for Burma မှ ကျင်းပသော ဆွေးနွေးပွဲတွင် ကချင်အမျိုးသမီးအစည်းအရုံး– ထိုင်းနိုင်ငံ (KWAT) မှ ပါဝင်ဆွေးနွေးခဲ့သည်။

### မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HUFROM)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)မှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ အတွင်းဖြစ်ပျက်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ လစဉ်အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

### ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)

ချင်းလူ့အခွင့်အရေးအဖွဲ့ CHROမှ 2022 ခုနှစ် ဇူလိုင်လအတွင်း စစ်တပ်မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အချုပ်ကို ထုတ်ပြန်ခဲ့သည်။ CHRO သည် ချင်းပြည်နယ်အတွင်း တိုက်ပွဲနှင့်ပတ်သက်သည့် ရေဒီယိုအစီအစဉ်တစ်ခုတွင်လည်း ပါဝင်ခဲ့သည်။

### ရှေ့ပြေးအသံ (Progressive Voice)

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း စစ်ကိုင်း၊ မကွေးနှင့် မန္တလေး တိုင်းဒေသကြီးတို့အတွင်း မြေပြင်၌ဖြစ်ပွားနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ဒေသခံတို့၏တုံ့ပြန်ဆောင်ရွက်မှုများကို ဖော်ပြထားသည့် စာတမ်းတိုကို ထုတ်ပြန်ခဲ့သည်။




https://nd-burma.org/

https://twitter.com/NDBurma

https://www.facebook.com/theNDBurma